Panasonic®

# လည်ပတ်မှု ညွှန်ကြားချက်များ

## လျှပ်စစ်ရေနွေးကရားအိုး(အိမ်သုံး)

Myanmnar

**Model No.** NC-K101
NC - K301




NC-K101




NC-K301

အာမခံကတ်ပြားပါဝင်သည်။

Panasonic ထုတ်ကုန်ပစ္စည်းကို ဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

- ဤထုတ်ကုန်ပစ္စည်းသည် ရေနွေးဆူအောင် ကျိုချက်ရန်အတွက်သာဖြစ်ပြီး ၎င်းတွင် အပူလျှပ်ကာ လုပ်ဆောင်ချက် မပါဝင်ပါ။
- စက်ပစ္စည်းကို မှန်ကန်ဘေးကင်းစွာ အသုံးပြုနိုင်ရန် ဤညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုပါ။
- **ဤစက်ပစ္စည်းကို အသုံးမပြုမီ "ဘေးကင်းလုံခြုံရေး ကြိုတင်ကာကွယ်မှုများ" နှင့် "အရေးကြီးသော အချက်အလက်များ" ကို အထူးသတိပြုပါ။**
- **ဤစက်လည်ပတ်မှု ညွှန်ကြားချက်များကို နောင်တွင်လည်း အသုံးပြုနိုင်ရန် သိမ်းဆည်းထားပါ။**
- စက်ပစ္စည်းကို မှန်ကန်စွာအသုံးမပြုဘဲ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက Panasonic မှ မည်သည့်တာဝန်ယူမှုများကို လက်ခံမည်မဟုတ်ပါ။

| **အကြောင်းအရာများ** | စာမျက်နှာ |
|---|---|
| ဘေးကင်းလုံခြုံရေး ကြိုတင်ကာကွယ်မှုများ | **MM3** |
| အရေးကြီးသော အချက်အလက်များ | **MM8** |
| အစိတ်အပိုင်းများ၏ အမည်များနှင့် ညွှန်ကြားချက်များ | **MM9** |
| အသုံးပြုပုံ | **MM10** |
| သန့်ရှင်းရေးပြုလုပ်ပုံ | **MM12** |
| ပြဿနာအား ရှာဖွေရှင်းပေးခြင်း | **MM13** |
| အသေးစိတ်အချက်အလက်များ | **MM15** |

# ဘေးကင်းလုံခြုံရေး ကြိုတင်ကာကွယ်မှုများ

ဤညွှန်ကြားချက်ကို
မပျက်မကွက်လိုက်နာပါ

Myanmnar

အသုံးပြုသူနှင့် အခြားသူများကို မတော်တဆထိခိုက်ဒဏ်ရာရစေခြင်းနှင့် စက်ပစ္စည်း ပျက်စီးခြင်းမှ ကာကွယ်ရန် အောက်ပါညွှန်ကြားချက်များကို လိုက်နာပါ။

■ အောက်ပါဇယားကွက်များသည် စက်ပစ္စည်းကို မမှန်မကန်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်တတ်သော ပျက်စီးမှုအတိုင်းအတာကို ခွဲခြားဖော်ပြထားပါသည်။

| | |
|---|---|
| ⚠ သတိပေးချက် | ပြင်းထန်ဒဏ်ရာရခြင်း သို့မဟုတ် အသက်သေဆုံးခြင်း ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်ကို ရည်ညွှန်းသည်။ |
| ⚠ တားမြစ်ချက် | အသေးစား ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် စက်ပစ္စည်း ပျက်စီးမှုဖြစ်စေနိုင်သည့် အန္တရာယ်ကို ရည်ညွှန်းသည်။ |


■သင်္ကေတများကို အောက်ပါအတိုင်း ခွဲခြားရှင်းပြပေးထားပါသည်။

| | |
|---|---|
| ⊘ | ဤသင်္ကေတသည် တားမြစ်ခြင်းကို ဖော်ညွှန်းပါသည်။ |
| ! | ဤသင်္ကေတသည် လိုက်နာလုပ်ဆောင်ရမည့် လိုအပ်ချက်ကို ဖော်ညွှန်းပါသည်။ |

## ⚠ သတိပေးချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ဝါယာရှော့ခ်ကြောင့် မီးလောင်ကျွမ်းခြင်း၊ မီးခိုးထွက်ခြင်း၊ အပူလောင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်။**

- **ဤစက်ပစ္စည်းကို ဖြုတ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း မပြုလုပ်ရ။**
  - ဝယ်ယူသည့်နေရာ သို့မဟုတ် Panasonic Service Center ကို ဆက်သွယ်မေးမြန်းပါ။
- **ပါဝါပလပ်နှင့် ပါဝါကြိုးကို မပျက်စီးပါစေနှင့်။**
  အောက်ပါ လုပ်ဆောင်ချက်များကို တင်းကြပ်စွာ တားမြစ်ထားသည်။
  ပြုပြင်မွမ်းမံခြင်း၊ အပူပေးထားသော အရာများ၊ ပူနေသော မျက်နှာပြင်များနှင့် ထိထားခြင်း သို့မဟုတ် အနီးတွင်ထားခြင်း၊ ကွေးညွှတ်ခြင်း၊ ရစ်ပတ်ခြင်း၊ ဆွဲဆန့်ခြင်း၊ ချွန်ထက်သော အနားစောင်းများပေါ် ချိတ်ဆွဲထားခြင်း၊ အပေါ်တွင် လေးလံသောပစ္စည်းများ တင်ထားခြင်း၊ ပါဝါကြိုးမဖြုတ်ဘဲ စက်ပစ္စည်းကို သိမ်းဆည်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်း။




  **ပါဝါကြိုး သို့မဟုတ် ပါဝါပလပ် ပျက်စီးနေလျှင် သို့မဟုတ် ပါဝါပလပ်သည် ပလပ်ပေါက်မှ လျော့ရဲရဲဖြစ်နေလျှင် စက်ပစ္စည်းကို အသုံးမပြုပါနှင့်။**
  - ပါဝါကြိုး ပျက်စီးနေပါက ဘေးအန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရန် ယင်းကို ထုတ်လုပ်သူ၊ ဝန်ဆောင်မှု စင်တာ သို့မဟုတ် အရည်အသွေး တူညီသော ပစ္စည်းဖြင့်သာ အစားထိုး လဲလှယ်ရမည်။

# ဘေးကင်းလုံခြုံရေး ကြိုတင်ကာကွယ်မှုများ

ဤညွှန်ကြားချက်ကို မပျက်မကွက်လိုက်နာပါ

## ⚠ သတိပေးချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ဝါယာရှော့ခ်ကြောင့် မီးလောင်ကျွမ်းခြင်း၊ မီးခိုးထွက်ခြင်း၊ အပူလောင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်။**

- ပါဝါပလတ်ကို ရေစိုလက်များဖြင့် ပလတ်ဖြုတ်ခြင်း၊ တပ်ခြင်း မပြုလုပ်ရ။
- စက်ပစ္စည်း (ပါဝါအောက်ခြေနှင့် ပါဝါအောက်ခြေချိတ်ဆက်ကိရိယာ အပါအဝင်)၊ ပါဝါကြိုး သို့မဟုတ် ပါဝါပလတ်ကို ရေထဲတွင် နှစ်ထားခြင်း သို့မဟုတ် ယင်းကို ရေ၊ အခြားသော အရည်များဖြင့် ပက်ဖျန်းခြင်း မပြုလုပ်ရ။
  - ရေပိုက်မှ တိုက်ရိုက်ရေဖြည့်ယူသည့်အခါ သို့မဟုတ် လက်ဆေးကန်ထဲတွင် ထားသည့်အခါ စက်ပစ္စည်း၏ အောက်ခြေကို ရေမစိုစေနှင့်။
- ပါဝါကြိုးကို စားပွဲ၊ ဗီရိုခုံထိပ်ပြင်တို့၏ အစွန်းပေါ်တွင် ချိတ်ဆွဲထားခြင်း သို့မဟုတ် ပူသော မျက်နှာပြင်များနှင့် ထိထားခြင်း မပြုလုပ်ရ။
- နို့စို့ကလေးများနှင့် ကလေးငယ်များကို ထုပ်ပိုးသည့် ပစ္စည်းနှင့် ဆော့ကစားခြင်း မပြုစေနှင့်။ (အသက်ရှုကြပ်ခြင်းကို ဖြစ်စေနိုင်ပါသည်)
- မသက်ဆိုင်သော ဝတ္ထုပစ္စည်းများ (အထူးသဖြင့် တွယ်အပ်များ၊ နန်းကြိုးများ၊ ဖုန်မှုန့် စသည်ကဲ့သို့သော သတ္တုအစိတ်အပိုင်းများ) ကို ကိုယ်ထည်ချိတ်ဆက်ကိရိယာ သို့မဟုတ် ပါဝါအောက်ခြေ ချိတ်ဆက်ကိရိယာတွင် တွယ်ကပ်မနေစေနှင့်။
- အသုံးပြုနေစဉ် သို့မဟုတ် အသုံးပြုပြီးနောက် သင့်မျက်နှာကို ကရားနှုတ်သီးနှင့် နီးကပ်စွာ အထားပါနှင့်။
  - အထူးသဖြင့် စက်ပစ္စည်းကို နို့စို့ကလေးများနှင့် ကလေးငယ်များ လက်လှမ်း မမီသည့် နေရာတွင် ထားပါ။
- အဝတ်စသည်တို့ဖြင့် ကရားနှုတ်သီးကို ပိတ်ဆို့မထားပါနှင့်။
- အဖုံးကို တင်းကြပ်စွာ ပိတ်မထားပါနှင့်။
- ရေမှလွဲ၍ အခြားအရာများ မထည့်ပါနှင့်။ ဤစက်ပစ္စည်းသည် ရေကို ဆူပွက်အောင် ကျိုချက်ရန်အတွက်သာဖြစ်သည်။
- ကိုယ်ထည်ကို လှုပ်ယမ်းခြင်း သို့မဟုတ် မှောက်ထားခြင်း မပြုလုပ်ရ။
- ရေခဲတုံးများကို သိုလှောင်သိမ်းဆည်းထားရန် အသုံးမပြုရ။
- ကိုယ်ထည်ကို အပူရှိသော နေရာများပေါ် သို့မဟုတ် မိုက်ခရိုဝေ့မီးဖိုထဲတွင် မထားရ။
- ပါဝါအောက်ခြေ ချိတ်ဆက်ကိရိယာကို မနှိပ်ပါနှင့်။
  - စက်ပစ္စည်းအနီးတွင် မွေးကင်းစကလေးများနှင့် ကလေးငယ်များ ရှိနေလျှင် သတိပြုပါ။
- ရေနွေးတည်သည့်အခါ သို့မဟုတ် ရေနွေးလောင်းထည့်သည့်အခါ အဖုံးကို လုံအောင်ပိတ်ထားပါ။

Myanmnar

# ⚠ သတိပေးချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ဝါယာရှော့ခ်ကြောင့် မီးလောင်ကျွမ်းခြင်း၊ မီးခိုးထွက်ခြင်း၊ အပူလောင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်။**

- ဤစက်ပစ္စည်းကို ကလေးများအပါအဝင် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်း အားနည်းသောသူများ သို့မဟုတ် အတွေ့အကြုံနှင့် အသုံးပြုပုံမသိရှိသေးသောသူများ၏ ဘေးကင်းမှုအတွက် တာဝန်ရှိသူတစ်ဦးမှ ညွှန်ကြားချက် သို့မဟုတ် ကြီးကြပ်ပေးမှုမပါပဲ အသုံးမပြုပါစေနှင့်။ ကလေးငယ်များသည် စက်ပစ္စည်းကို ဆော့ကစားခြင်းမပြုမိစေရန် ကြီးကြပ်ပေးရမည်။
- စက်ပစ္စည်းနှင့် ပါဝါကြိုးကို ကလေးများ လက်လှမ်းမမီနိုင်သည့် နေရာတွင် ထားပါ။
- ပါဝါပလတ်ကို အသေအချာ တပ်ဆင်ပါ။
- ပါဝါပလတ်ရှိ ဖုန်မှုန့်များကို ပုံမှန်သန့်ရှင်းပေးပါ။
  - ပါဝါပလတ်ကို ဖြုတ်ပြီး အဝတ်ဖြင့် သုတ်ပါ။
- စက်ပစ္စည်းသည် ကောင်းစွာအလုပ် မလုပ်တော့သည့်အခြေအနေတွင် ပလတ်ဖြုတ်ပြီး အသုံးပြုမှုကို ချက်ချင်းရပ်တန့်ပါ။

  ဥပမာ ၊ မူမမှန်သော လည်ပတ်မှု သို့မဟုတ် ယိုယွင်းပျက်စီးမှုများ
  - ပါဝါပလတ် သို့မဟုတ် ပါဝါကြိုးသည် ပုံမှန်ထက် ပူနေသည်။
  - ပါဝါကြိုးသည် ပျက်စီးနေပြီး စက်ပစ္စည်း၏ ပါဝါမလာတော့ပါ။
  - စက်ပစ္စည်းသည် ပုံပျက်နေပြီး ပျက်စီးမှုများ တွေ့ရသည် သို့မဟုတ် ပုံမှန်ထက် ပူနေသည်။
  - ကိုယ်ထည်မှ ရေများ ယိုကျနေသည်။
  - ရေနွေးငွေ့များသည် ၃ မိနစ်ထက်ကျော်လွန်ပြီး ဆက်လက်ထွက်ပေါ်နေသည်။
  - အခြားသော မူမမှန်သည့် လည်ပတ်မှုများ သို့မဟုတ် ပျက်ကွက်မှုများ တွေ့ရသည်။
  - စက်ပစ္စည်းကို ချက်ချင်း ပလတ်ဖြုတ်ပြီး စစ်ဆေးရန် သို့မဟုတ် ပြုပြင်ရန် service center ကို ဆက်သွယ်ပါ။

# ဘေးကင်းလုံခြုံရေး ကြိုတင်ကာကွယ်မှုများ

ဤညွှန်ကြားချက်ကို မပျက်မကွက်လိုက်နာပါ

## ⚠ သတိပေးချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ဝါယာရှော့ခ်ကြောင့် မီးလောင်ကျွမ်းခြင်း၊ မီးခိုးထွက်ခြင်း၊ အပူလောင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်။**

- စက်ပစ္စည်း၏ အညွှန်းပေါ်တွင် ဖော်ပြထားသော ဗို့အားသည် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုနှင့် တူညီနေရမည်။
  လျှပ်စစ်အပူလွန်ကဲခြင်းမှ ကာကွယ်ရန် အခြားစက်ပစ္စည်းများကို တူညီသော ပလတ်ပေါက်တွင် ပလတ်ထိုးခြင်းမှ ရှောင်ကြဉ်ပါ။ ပလတ်ပေါက်တစ်ခုတည်းတွင် ပါဝါပလတ်များစွာကို ချိတ်ဆက်ထားပါက အသုံးပြုသော ဝပ်အားသည် ပလတ်ပေါက်၏ သတ်မှတ်ထားသော ဝပ်အားထက် ကျော်လွန်ခြင်း မဖြစ်စေရ။
- အများဆုံးသတ်မှတ်ထားသော ရေပမာဏပြမျဉ်းထက် ကျော်လွန်၍ ရေမထည့်ပါနှင့်။ ကျော်လွန်၍ ထည့်ထားပါက ဆူပွက်နေသော ရေများသည် အရှိန်နှင့် လွင့်စင်လာနိုင်သည်။

## ⚠ တားမြစ်ချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ကျွမ်းခြင်း၊ အပူလောင်ခြင်း၊ အန္တရာယ်ဖြစ်ခြင်း၊ စက်ပစ္စည်း ပျက်စီးခြင်းမှ ကာကွယ်ရန်။**

- စက်လည်ပတ်နေစဉ် ဂရုမစိုက်ဘဲ ပစ်ထားခြင်း မပြုလုပ်ရ။
- စက်ပစ္စည်းကို ဤညွှန်ကြားချက်များတွင် ဖော်ပြထားသည်မှအပ အခြားသော ရည်ရွယ်ချက်များဖြင့် အသုံးမပြုပါနှင့်။
- စက်ပစ္စည်းကို အသုံးပြုနေစဉ် သို့မဟုတ် အသုံးပြုပြီးချက်ချင်း ပူနေသော (ကရားနှုတ်သီး စသည်ကဲ့သို့သော) အစိတ်အပိုင်းများကို မထိရ။
  - အသုံးပြုနေစဉ်အစိတ်အပိုင်းများသည် ပူလာနိုင်သည်။ အထူးသဖြင့် အသုံးပြုပြီးနောက် ကျန်ရှိနေသော အပူချိန်ကို သတိပြုပါ။
- ရေနွေးအိုးတည်နေစဉ် ရေနွေးလောင်းထည့်ခြင်း သို့မဟုတ် စက်ပစ္စည်းကို နေရာရွှေ့ခြင်း မပြုလုပ်ရ။
- စက်ပစ္စည်းကို ပါဝါအခြေမှ မဖယ်ရှားမီ ပါဝါလုတ်ကို ပိတ်ထားရမည်။
- စက်ပစ္စည်းကို အောက်ပါနေရာများတွင် အသုံးမပြုပါနှင့်။
  - မညီညာသော မျက်နှာပြင်များ၊ ကော်ဇော်များ၊ ရေစိုဒဏ်မခံနိုင်သော မျက်နှာပြင်များနှင့် စားပွဲခင်းများအပေါ် စသည့်နေရာများ
  - ရေဖိတ်စင်နိုင်သော နေရာများနှင့် အပူရှိသော နေရာများအနီး
  - လက်ဆေးကန်များ သို့မဟုတ် အခြားသော ကန်များကဲ့သို့သော ရေရှိသည့် နေရာများအနီး

## ⚠ တားမြစ်ချက်

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ကျွမ်းခြင်း၊ အပူလောင်ခြင်း၊ အနာတရဖြစ်ခြင်း၊ စက်ပစ္စည်း ပျက်စီးခြင်းမှ ကာကွယ်ရန်။**

- နံရံ သို့မဟုတ် ပရိဘောဂများ သို့မဟုတ် ဗီရိုပါဝင်သော အတွင်းခန်းနေရာများ အနီးတွင် စက်ပစ္စည်းကို အသုံးမပြုပါနှင့်။
  (အရောင်ပျက်ခြင်း သို့မဟုတ် ပုံပျက်ခြင်း ဖြစ်ပေါ်စေနိုင်သည်)
- ပါဝါပလတ်ကို ဖြုတ်သည့်အခါ ပါဝါပလတ်ကို ကိုင်၍ဖြုတ်ပါ။ ပါဝါကြိုးကို ဆွဲဖြုတ်ခြင်း မပြုလုပ်ရ။

- စက်ပစ္စည်းကို အသုံးမပြုသည့်အခါနှင့် နေရာရွှေ့ခြင်း၊ သန့်ရှင်းရေးမပြုလုပ်မီ ခလုတ်ပိတ်ထားပြီး ပလတ်ပေါက်မှ ပလတ်ဖြုတ်ထားပါ။
- စက်ပစ္စည်းကို ခိုင်ခံ့ပြီး ခြောက်သွေ့သန့်ရှင်းသော အပူဒဏ်ခံနေရာများတွင် ထားပါ။
- အသုံးပြုနေစဉ် ပါဝါကြိုးကို ခလုတ်တိုက်ခြင်း၊ ဆွဲချိတ်မိခြင်း မဖြစ်စေရန် သတိပြုပါ။
- ရေဆူပွက်နေစဉ်နှင့် အသုံးပြုပြီးချက်ချင်း အဖုံးကို မဖွင့်ပါနှင့်။ ထိုသို့ပြုလုပ်ပါက ရေနွေးငွေ့နှင့် ပူသောအရည်များ ရုတ်တရက် ပန်းထွက်ပြီး လက်ပေါ်ဖိတ်စင်လာနိုင်သည်။
- ကျန်ရှိသော ရေပူများကို ကရားနှုတ်သီးမှ လောင်းထုတ်ပစ်ပါ။
- စက်ပစ္စည်းအတွက် ထောက်ပံ့ပေးထားသော အောက်ခြေကိုသာ အသုံးပြုပါ။ သတ်မှတ်ထားသော ပါဝါအောက်ခြေမှလွဲ၍ အခြားပါဝါအရင်းအမြစ်များကို အသုံးမပြုပါနှင့်။ သို့မဟုတ် အခြားသော စက်ပစ္စည်းများ၏ ပါဝါအောက်ခြေကို အသုံးပြုပါ။ အပြင်ပါဝါထောက်ပံ့ရေးကြိုးကို အသုံးမပြုပါနှင့်။
- နေရာရွှေ့ခြင်း၊ သန့်ရှင်းခြင်းနှင့် သိမ်းဆည်းခြင်းမပြုလုပ်မီ စက်ပစ္စည်းကို ပလတ်ဖြုတ်ပြီး အေးအောင်ထားပါ။
- ရေပူလောင်းထည့်သည့်အခါ သတိထားပါ။ စက်ပစ္စည်းကို အလွန်တိမ်းစောင်းခြင်း မပြုလုပ်ဘဲ ဖြည့်ညင်းစွာလောင်းထည့်ပါ။
- ရေဖြည့်ခြင်း သို့မဟုတ် ရေလောင်းထည့်ခြင်း မပြုမီ စက်ပစ္စည်းကို အောက်ခြေမှ ဖယ်ရှားပါ။
- ရေစိုလက်များဖြင့် စက်ပစ္စည်းကို မကိုင်ပါနှင့်။
- ရေဆူပြီး ခလုတ်ပိတ်သွားသည်မှလွဲ၍ ပါဝါခလုတ်ကို မပိတ်ပါနှင့်။
- စက်ပစ္စည်းကို သယ်ဆောင်သွားသည့်အခါ အဖုံးကို အသေအချာ ပိတ်ထားပါ။
- အသုံးပြုပြီးနောက် စက်ပစ္စည်းကို အထူးသဖြင့် အစားအစာနှင့် ထိတွေ့ထားသည့် မျက်နှာပြင်များကို သန့်ရှင်းပေးပါ။ (P.EN12 “How to Clean”)
- ဤထုတ်ကုန်ပစ္စည်းသည် အိမ်သုံးအတွက်သာဖြစ်သည်။

# အရေးကြီးသော အချက်အလက်များ


- စက်ကိုယ်ထည်နှင့် ပါဝါအောက်ခြေကို ပျက်စီးခြင်းမှ ရှောင်ရှားရန် လွတ်ကျခြင်း မဖြစ်စေနှင့်။
- စက်ကိုယ်ထည်နှင့် ပါဝါအောက်ခြေကို တရွတ်တိုက်ဆွဲ၍ နေရာရွှေ့ခြင်း မပြုလုပ်ရ။ (စားပွဲ သို့မဟုတ် ပြင်ဆင်သည့်နေရာကို ကုတ်ခြစ်မိစေနိုင်သည်။)
- ရေမထည့်ဘဲ ပါဝါခလုတ်မဖွင့်ရ။ (စက်ချွတ်ယွင်းခြင်း ဖြစ်စေနိုင်သည်။)
- စက်ပစ္စည်းကို အိမ်အပြင်ဘက်တွင် အသုံးမပြုပါနှင့်။
- အဖုံးပေါ်တွင် အဝတ်ကို မထားပါနှင့်။ (စက်ချွတ်ယွင်းခြင်း သို့မဟုတ် ပုံပျက်ခြင်း ဖြစ်စေနိုင်သည်။)
- ခလုတ်မဖွင့်မီ စက်ပစ္စည်းကို အောက်ခြေပေါ်တွင် ကောင်းစွာ တင်ထားသည်ကို သေချာစေပါ။
- ရေဆူပြီးချက်ချင်း စက်ပစ္စည်းကို ရေပြန်ဖြည့်သည့်အခါ ရေနွေးငွေ့ကို သတိပြုပါ။
- အဖုံးကို ကိုင်ပြီး စက်ပစ္စည်းကို နေရာရွှေ့ခြင်း မပြုလုပ်ရ။
- နေရောင်ခြည်တိုက်ရိုက်ထိသောနေရာနှင့် စက်ပစ္စည်းကို့ Hypochlorous အက်စစ် (HCIO) ပါဝင်သော ဆပ်ပြာရည်ဖြင့် သန့်ရှင်းခြင်းကို ရှောင်ရှားပါ။



စက်ပစ္စည်းပေါ်ရှိ ဤသင်္ကေတသည် "ပူသော မျက်နှာပြင်၊ သတိမပြုဘဲ တို့ထိခြင်း မပြုရ" ကို ဖော်ပြပါသည်။

# အစိတ်အပိုင်းများနှင့် ညွှန်ကြားချက်များ

Myanmnar




- ဤညွှန်ကြားချက်များတွင် ထုတ်ကုန်ရုပ်ပြပုံအနေဖြင့် NC-K101 ကို နမူနာပြသထားသည်။


**အသုံးမပြုမီ**

- စက်ပစ္စည်းကို ပထမဦးဆုံးအကြိမ်အဖြစ် သို့မဟုတ် အချိန်ကြာမြင့်စွာ အသုံးမပြုဘဲ ပစ်ထားပြီး အသုံးပြုမည်ဆိုပါက အောက်ပါအဆင့်များအတိုင်း သန့်ရှင်းပေးပါ။
  ၁) အများဆုံးရေပမာဏပြ မျဉ်းအထိ ရေဖြည့်ပြီး ဆူပွက်အောင်တည်ပါ။ (P.EN10)
  ၂) ရေကို ကရားနှုတ်သီးခေါင်းမှ သွန်ပစ်ပါ။ (P.EN11 – အသုံးပြုပြီးနောက် ကျန်ရှိသော ရေများကို သွန်ပစ်ပါ။)
- ပလတ်ပေါက် သို့မဟုတ် ကြားဆက်ကြိုးကို အသုံးမပြုပါနှင့်။


# အသုံးပြုပုံ

## 1 အဖုံးဖွင့်ပြီး ရေဖြည့်ပါ။

အဖုံးဖွင့်ခြင်း



• အဖုံးဖွင့်ခလုတ်ကို နှိပ်ပါ။
(အဖုံးဖွင့်ခလုတ်ကို အဆုံး
ထိမနှိပ်ထားလျှင်
အဖုံးပွင့်မည် မဟုတ်ပါ။)





အခြားသော
ခွက်ဖြင့် ရေလောင်း
ထည့်ပါ။




• ရေပမာဏ (ခန့်မှန်းခြေ)
အနည်းဆုံး ၁.၇ လီတာ
အများဆုံး ၀.၅ လီတာ

## 2 အဖုံးပိတ်ပြီး စက်ပစ္စည်းကို ပါဝါအောက်ခြေပေါ်ထားကာ ပါဝါပလတ်ကို တပ်ပါ။

အဖုံးပိတ်ခြင်း




• ပုံတွင်ပြထားသည့်
အတိုင်း အသံ
တစ်ချက်ကြား
သည်အထိ အဖုံးကို
သေချာပိတ်ထားပါ။





မှတ်ချက်

• ရေမဖြည့်မီနှင့် အဖုံးမပိတ်မီ ပါဝါပလတ်ကို
မတပ်ပါနှင့်။

### ပါဝါကြိုးကို ချိန်ညှိယူခြင်း



* ဂပါဝါကြိုကို လိုအပ်
သလို ချိန်ညှိယူရန်
ပါဝါအောက်ခြေနားတွင်
ရစ်ပတ်ထားပါ။




* ဂပါဝါကြိုးကို အောက်ခြေအပေါက်မှတစ်ဆင့်
ထုတ်ယူပါ။
(ပါဝါအောက်ခြေကို ကြိုးပေါ်တင်မထားပါနှင့်။)

## 3 ပါဝါခလုတ်ကို ဖွင့်ပါ။ ( “I” ကို နှိပ်ပါ)

ရေနွေးစတည်ပါ။

( ပါဝါ အချက်ပြမီး လင်းလာမည်။)





အသုံးပြုနေစဉ်ပါဝါအချက်ပြမီး လင်းလာမည်။

ရေနွေးဆူလာသည့်အခါ ပါဝါခလုတ်သည် အလိုအလျောက် ပိတ်သွားမည်။

(စက်ပစ္စည်းသည် ရေနွေးဆူရန် ၆ မိနစ်ခန့် ကြာသည်။ ရေအပူချိန် 23°C, အခန်းအပူချိန် 23°C, အများဆုံး ရေပမာဏ 220V)


- ရေနွေးမဆူမီ ရပ်တန့်လိုပါက ပါဝါခလုတ်ကို ပိတ်ပါ။




**မှတ်ချက်**

- ရေဆူပြီးချက်ချင်း ရေကို ဆက်လက်အပူပေးထားရန် ပါဝါ ခလုတ်ကို ဆက်တိုက်နှိပ်ပြီး စက်ပစ္စည်းကို တွန်းအားမပေးပါနှင့်။ (စက်ချွတ်ယွင်းခြင်း ဖြစ်စေနိုင်သည်။)

## 4 ပါဝါအောက်ခြေမှ ဖယ်ရှားပြီး လောင်းထည့်ပါ။




■ အသုံးပြုပြီးပါက ကျန်နေသာ ရေကို သွန်ပစ်ပါ။



* ရေကို သွန်ပစ်သည့်အခါ အဖုံးကို ပိတ်ထားပါ။

### ပွက်ပွက်ဆူခြောက်ကပ်ခြင်းမှ ကာကွယ်ခြင်း

ကရားအိုးထဲတွင် ရေမရှိဘဲ ပါဝါခလုတ်ကို ဖွင့်သည့်အခါ အပူလွန်ကဲခြင်းကြောင့် မတော်တဆဖြစ်ခြင်းနှင့် စက်ချွတ်ယွင်းခြင်းကို ကာကွယ်ရန် Boil dry protection သည် အလိုအလျောက် ပါဝါကို ပိတ်ပေးပါသည်။

၁) ကိုယ်ထည်ကို လုံလောက်စွာ အေးမြသွားအောင် ထားပါ။

၂) ကိုယ်ထည်ကို ပါဝါအောက်ခြေမှ ဖယ်ရှားပြီး ရေဖြည့်ပါ။

၃) ပါဝါအောက်ခြေပေါ်တင်ထားပြီး ပါဝါခလုတ်ကို ပြန်ဖွင့်ပါ။

ကရားအိုးထဲတွင် ရေမရှိဘဲ ပါဝါဖွင့်လိုက်လျှင် ဆိုးရွားသော အနံ့ ထွက်ပေါ်လာနိုင်သည်။

# သန့်ရှင်းရေးပြုလုပ်ပုံ

- ■ စက်ပစ္စည်းကို အသုံးပြုပြီးတိုင်း သန့်ရှင်းပေးပါ။
- ■ သန့်ရှင်းရေး မပြုလုပ်မီ ပလတ်ပေါက်မှ ပလတ်ဖြုတ်ထားပြီး ရေပူများကို သွန်ပစ်ကာ ကိုယ်ထည်ကို အေးမြအောင် ထားပါ။

**မှတ်ချက်**


- ဆပ်ပြာမှုန့်ကို အသုံးမပြုပါနှင့်။ (ဆိုးရွားသော အနံ့အသက်များ ဖြစ်ပေါ်စေနိုင်သည်။)
- မျက်နှာပြင်များ ပျက်စီးသွားနိုင်သဖြင့် အရက်ပျံ၊ သင်နှာ၊ အရက်၊ အရောင်ချွတ်ဆေး၊ အရောင်တင်ဆေး၊ သတ္တုစုတ်တံ သို့မဟုတ် နိုင်လွန်စုတ်တံတို့ကို အသုံးမပြုပါနှင့်။
- ပန်းကန်ဆေးစက်တွင် ဆေးကြောခြင်း မပြုလုပ်ရ။
- သွားကြားထိုးတံ သို့မဟုတ် တွယ်အပ် စသည့် ချွန်သောအရာဝတ္ထုများနှင့် စက်ပစ္စည်းကို သန့်ရှင်းရေး မပြုလုပ်ရ။

**အဖုံး**

သေချာ ရေညှစ်ထားသော အဝတ်ဖြင့် သန့်ရှင်းပေးပါ။

**ကရားနှုတ်သီး**

ကရားနှုတ်သီးနှင့် ရေစစ်ကို နူးညံ့သော စုတ်တံဖြင့် သန့်ရှင်းပေးပါ။




ကိုယ်ထည်ချိတ်ဆက်ကိရိယာ

## ကိုယ်ထည်

(အပြင်ပိုင်း)
သေချာ ရေညှစ်ထားသော အဝတ်ဖြင့် သန့်ရှင်းပေးပါ။

(အတွင်းပိုင်း)
နူးညံ့သော ရေမြှုပ်ဖြင့် တိုက်ချွတ်ပြီး ရေကျင်းပေးပါ။

**(အညစ်အကြေး) ချေးတက်ခြင်း**


ရေတွင်ပါရှိသော ကယ်လ်စီယမ်ကဲ့သို့သော သတ္တုဓာတ်များသည် စက်ပစ္စည်းထဲတွင် ဖြစ်ပေါ်လာသည်။

➡ ရေချေးများကို ဖယ်ရှားပစ်ပါ။

၁) အောက်ပါနည်းလမ်းအတိုင်း ပုံမှန်ဖယ်ရှားပေးပါ။

- ချေးဖယ်ရှားခြင်း
  ချေးဖယ်ရှားသည့် ကိရိယာနှင့် ညွှန်ကြားချက်များကို လိုက်နာပါ။
- ဆစ်ထရစ် အက်စစ်
  စက်ပစ္စည်းကို ရေတစ်ဝက်ဖြည့်ပြီး ဆူအောင်တည်ပါ။ ခလုတ်ပိတ်သွားပြီးနောက် ဆစ်ထရစ် အက်စစ် ခန့်မှန်းခြေ 80 g ကို ထည့်ပြီး ကောင်းစွာ မွှေပေးပါ။ ခန့်မှန်းခြေ မိနစ် ၃၀ ထားပါ။
- ရှာလကာရည်
  စက်ပစ္စည်းကို ရေတစ်ဝက်ဖြည့်ပြီး ဆူအောင်တည်ပါ။ ခလုတ်ပိတ်သွားပြီးနောက် ရှာလကာရည် ခန့်မှန်းခြေ 100 mL ကို ထည့်ပြီး ကောင်းစွာ မွှေပေးပါ။ ခန့်မှန်းခြေ ၂ နာရီ ထားပါ။

၂) ဖယ်ရှားပြီးနောက် အောက်ပါအဆင့်များအတိုင်း အကြိမ်အနည်းငယ် ပြုလုပ်ပေးပါ။ ရေဖြည့်ပြီး ဆူပွက်အောင် တည်ကာ သွန်ပစ်ပါ။




**အောက်ခြေအဖုံး**

ကောင်းစွာ ရေညှစ်ထားသော အဝတ်ဖြင့် သုတ်ပေးပါ။

**သိမ်းဆည်းရန်**

- ၎င်းကို အသေအချာ ခြောက်သွေ့အောင်လုပ်ပါ။
- ပလတ်စတစ်အိတ်ထဲ ထည့်ပြီး အင်းဆက်ပိုးကောင်များ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် အိတ်ကို အလုံပိတ်ထားပါ။

# ပြဿနာအား ရှာဖွေရှင်းပေးခြင်း

ဝန်ဆောင်မှုအတွက် မစီစဉ်မီ အောက်ပါ အချက်များကို စစ်ဆေးပါ။

| ပြဿနာ | အကြောင်းအရာ | လုပ်ဆောင်ချက် |
|---|---|---|
| ပါဝါခလုတ်သည် မီးမလာပါ။ | • ပါဝါခလုတ်ကို ဖြုတ်ထား ပါသလား? | • ပါဝါပလတ်ကိုပလတ်ပေါက်ထဲသို့ သေချာတပ်ဆင်ပါ။ (P. EN10) |
| | • ကိုယ်ထည်ကို ပါဝါအောက်ခြေ တွင် မှန်ကန်စွာ တပ်ဆင်ထား ပါသလား ? | • ကိုယ်ထည်ကို မှန်ကန်စွာ တပ်ဆင်ထားပါ။ |
| | • သတ္တုသို့မဟုတ် မသက်ဆိုင်သော ဝတ္ထုပစ္စည်းများသည် ပါဝါအောက် ခြေချိတ်ဆက်ကိရိယာ သို့မဟုတ် ကိုယ်ထည်ချိတ်ဆက်ကိရိယာနှင့် ထိမိနေပါသလား။ | • သတ္တုစ သို့မဟုတ် မသက်ဆိုင် သော ဝတ္ထုပစ္စည်းများကို ဖယ်ရှားပါ။ (P. EN 12–13) |
| | • ရေနွေးဆူပွက်လာသည့်အခါ ပါဝါခလုတ်သည် အလိုအလျောက် ပိတ်သွားပြီး ခန့်မှန်းခြေ ၃ မိနစ်ခန့် ပြန်မဖွင့်ဘဲ ထားပါ။ | |
| ရေသည် ဆူပွက်မလာပါ။ | • စက်ပစ္စည်းထဲတွင် ရေမထည့်ဘဲ ပါဝါခလုတ်ကို ဖွင့်ပါသလား။ (Boil dry protection သည် ပါဝါခလုတ်ကို ပိတ်ပေး လိမ့်မည်။) | • ရေဖြည့်ပြီး ပါဝါခလုတ်ကို ဖွင့်ပါ။ (P. EN10) |
| | • ပါဝါခလုတ်ကို ပိတ်ထားပါ သလား? | • “ ‖ ”ကို နှိပ်ပြီး ပါဝါခလုတ်ကို ဖွင့်ပါ။ (P. EN11) |

# ပြဿနာအား ရှာဖွေရှင်းပေးခြင်း

<table>
<tr><th>ပြဿနာ</th><th>အကြောင်းအရာ</th><th>လုပ်ဆောင်ချက်</th></tr>
<tr><td>ကရားနှုတ်သီးမှ ရေပူများ ပန်းထွက်လာသည်။</td><td>● ရေပမာဏသည် အများဆုံး ရေပမာဏထက် ကျော်လွန်နေပါသလား?</td><td>● အများဆုံး ရေပမာဏပြမျဉ်းနှင့် အညီ သို့မဟုတ် ယင်းအောက် အထိ ရေကိုလျှော့ပါ။ (P. EN10)</td></tr>
<tr><td>ကိုယ်ထည်အောက်ခြေမှ ရေများ တစ်စက်တစ်စက် ယိုကျနေသည်။</td><td colspan="2">● စက်ပစ္စည်းသည် ရေနွေးငွေ့ကို ခြေရာခံပြီး ပါဝါခလုတ်ကို ပိတ်ပေးနိုင်အောင် ဒီဇိုင်းပြုလုပ်ထားသဖြင့် ရေနွေးငွေ့များ ငွေ့ရည်ဖွဲ့ပြီး ကိုယ်ထည်အောက်ခြေမှ ရေစက်များကဲ့သို့ ယိုကျနိုင်သည်။ ဤသည်မှာ စက်ချွတ်ယွင်းခြင်း မဟုတ်ပေ။</td></tr>
<tr><td>ရေပူမှ ဆိုးရွားသော အနံ့ ထွက်ပေါ်နေသည်။</td><td colspan="2">● ရေထဲတွင် ကလိုရိုက်ပါဝင်မှုပမာဏပေါ် မူတည်ပြီး မြေဆီခဲအနံ့များ ရှိနိုင်ပါသည်။</td></tr>
<tr><td>အဖြူတောက်တောက် သို့မဟုတ် အညိုရောင် အစိုင်အခဲများသည် ရေပေါ်တွင် ပေါ်လောပေါ်နေသည်။</td><td rowspan="2">● ၎င်းတို့သည် ရေချိုးများ ဖြစ်သည်။ သတ္တုဓာတ်ပါဝင်မှုများသော ရေကို အသုံးပြုသည့်အခါ ရေချိုးကို ပိုမိုဖြစ်ပေါ်စေသည်။<br>• တွင်းထွက်ရေ<br>• အိုင်းယွန်းဓာတ်ပါသည့်ရေကို သန့်စင်ထားသော ရေ</td><td rowspan="3">● ချိုးဖယ်ရှားသည့် ကိရိယာဖြင့် စက်ပစ္စည်းကို သန့်ရှင်းပေးပါ။ (P. EN12)</td></tr>
<tr><td>ကြမ်းတမ်းပြီး ဖြူနောက်နောက် အစိုင်အခဲများသည် ကိုယ်ထည် အတွင်းရှိ အစိတ်အပိုင်းများတွင် ကပ်ညှိနေသည်။</td></tr>
<tr><td>ရေနွေးဆူပွက်သံသည် ပိုမိုကျယ်လောင်လာသည်။</td><td>● ရေချိုးများ ကပ်ညှိလာသဖြင့် အသံပိုမိုကျယ်လောင်လာသည်။</td></tr>
<tr><td>အသုံးပြုပြီးနောက် အချိန် အတန်ကြာ အသံတစ်ချက် ကြားရသည်။</td><td colspan="2">● အတွင်းပိုင်း အပူချိန်သည် လျော့ကျပြီး အေးသွားသည့်အခါ ဤအသံကို ကြားရနိုင်သည်။<br>● ဤသည်မှာ စက်ချွတ်ယွင်းခြင်း မဟုတ်ပေ။</td></tr>
<tr><td rowspan="3">စက်ပစ္စည်းသည် ရေနွေးဆူရန် အချိန်ကြာနေသည်။</td><td>● အဖုံးဖွင့်ပြီး ရေနွေးတည်ထားပါသလား?</td><td>● အဖုံးကို ပိတ်ပါ။ (P. EN10)</td></tr>
<tr><td>● ရေချိုးများ ဖြစ်ပေါ်လာသည်။</td><td>● ချိုးဖယ်ရှားသည့် ကိရိယာဖြင့် သန့်ရှင်းပေးပါ။ (P. EN12)</td></tr>
<tr><td colspan="2">● ရေသည် အလွန်အေးနေလျှင် ရေနွေးဆူရန် ပိုကြာနိုင်ပါသည်။</td></tr>
</table>

# အသေးစိတ်အချက်အလက်များ

| | | NC-K101 | NC-K301 |
|---|---|---|---|
| ပါဝါထောက်ပံ့မှု | | 220-240 V ～ 50-60 Hz | |
| ပါဝါသုံးစွဲမှု | | 1850-2200 W | |
| အတိုင်းအတာ (အလျား × အနံ × ထု) (ခန့်မှန်းခြေ) | ကိုယ်ထည် | 225 × 232 × 144 (mm) | 241 × 218 × 144 (mm) |
| | ကိုယ်ထည် + ပါဝါအောက်ခြေ | 225 × 255 × 144 (mm) | 241 × 239 × 144 (mm) |
| အလေးချိန် (ခန့်မှန်းခြေ) | ကိုယ်ထည် | 0.73 kg | 0.88 kg |
| | ကိုယ်ထည် + ပါဝါအောက်ခြေ | 0.98 kg | 1.12 kg |
| သတ်မှတ်ထားသော ပမာဏ(ခန့်မှန်းခြေ) | | 1.7 L | |
| ပါဝါကြိုး အရှည် (ခန့်မှန်းခြေ) | | 0.70 m | |

- အချို့သော အရပ်ဒေသ (မြင့်မားသော အရပ်ဒေသ၊ အလွန်အေးသော နေရာဒေသ) များတွင် ကြိုတင်သတ်မှတ်ထားသော စွမ်းဆောင်ရည်ကို ရရှိနိုင်မည် မဟုတ်ပါ။